စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္ဓီးခရိုင်
ခန္ဓီးမြို့နယ်၊ ကင်းတော်ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် VDP (၂၀၁၇-၂၀၁၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကင်းတော်ကျေးရွာ၊ ခန္ဓီးမြို့နယ်

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ လ ရက်

မာတိကာ

	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
ကင်းတော်ကျေးရွာသယံဇာတပြဓြေပုံ	၆
ရာသီခွင်ပြ၊ပြက္ခဒိန်	၇
ဥစ္စမနအဆင့်သတ်မှတ်ခြင်း	၈
၁။ နိဒါန်း	၉
(က) ရည်ရွယ်ချက်	
၂။ ကျေးရွာ၏တည်နေရာ၊ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ	၉
(က) တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား	
(ခ) သဘာဝအရင်းအမြစ်များ	
၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၉
(က) လူဦးရေဆိုင်ရာအချက်အလက်များ	
(ခ) စီးပွားရေးအခြေအနေဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု	
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	
(ဃ) ကျန်းမာရေးနှင့်အာဟာရ	
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ	
(စ) ကျား-မဆိုင်ရာ ဆက်နွယ်မှု	
၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ	၁၀
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်	
(ခ) သီးနှံ၊ သား၊ ငါးထုတ်လုပ်ရေးကဏ္ဍ	
(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ	

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအားလက်လှမ်းမီမှု လမ်း၊တံတား၊

လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေ ကောင်းများ၊ ၁၂
အဟန့်အတားများနှင့်ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောကအပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့်ကျော်လွှာရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်ဗျူဟာ ၁၂

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

၇။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ ၁၄

(က) ဦးစားပေးစီမံချက်များ

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၈။ ကျေးရွာဖွံ့ဖြိုးရေးအကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၁၆

(က) ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့ဝင်များ၊ စာရင်း

(ခ) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

၉။ အိမ်ထောင်စု ဓန အဆင့်သတ်မှတ်ခြင်း ၁၉

အပိုင်း (ခ)

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

ဇယား(၁) လူဦးရေနှင့် လူဦးရေးဆိုင်ရာ အချက်အလက်များ ၂၂

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား ၂၂

ဇယား(၃) လုပ်ငန်းနှင့် ကျား၊မ အလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား ၂၅

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု ၂၅

ဇယား(၅) ခါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ ၂၆

ဇယား(၆) ဥစ္စာဓနအခြေအနေ ၂၇

ဇယား(၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နှပ်စားနိုင်သည့်အိမ်ထောင်စုများ ၂၇

ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ ၂၈

ဇယား(၉) ကျေးရွာထိခိုက် သက်ရောက်လွယ်မှု အခြေအနေ ၂၈

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ ၂၉

(၂) ကျေးရွာ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ ၃၀

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ ၃၀

ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု ၃၁

ဇယား(၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ ၃၁

ဇယား(၁၅) အဓိက သီးနှံများနှင့် အထွက်နှုန်း ၃၂

ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု ၃၂

ဇယား(၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ ၃၃

ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ ၃၃

ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ ၃၄

ဇယား(၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ ၃၅

ဇယား(၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ ၃၆

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေး မဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ ၃၇

ဇယား(၂၃) စိုက်ပျိုးမွေးမြူရေး မဟုတ်သောအသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ ၃၈

ဇယား(၂၄) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ ၃၉

ဇယား(၂၅) ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း ၃၉

ဇယား(၂၆) ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ ၄၀

ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ ၄၀

ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၄၁

ဇယား(၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ ၄၁

ဇယား(၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း ၄၂

ဇယား(၃၁) ကျောင်းတက်နှုန်း ၄၂

ဇယား(၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ ၄၃

ဇယား(၃၃) ပညာရေးအခက်အခဲနှင့်ပြဿနာများ ၄၃

ဇယား(၃၄) အဖြစ်များသော ရောဂါများ ၄၄

၄

ဇယား(၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု ၄၄

ဇယား(၃၆) ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ ၄၅

ဇယား(၃၇) သောက်သုံးရေ ရရှိနိုင်မှု ၄၅-၄၆

ဇယား(၃၈) အိမ်သာအမျိုးအစား ၄၆

ဇယား(၃၉) ကျား-မရေးရာ ၄၇

ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ ၄၇

ဇယား(၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ ၄၇

ဇယား(၄၂) ရေကြောင်းသွယ်ယူပို့ဆောင်ရေး ၄၈

ဇယား(၄၃) သယ်ယူပို့ဆောင်ရေး ယာဉ်များ ၄၈

ဇယား(၄၄) လျှပ်စစ်မီး ရရှိမှု အခြေအနေ ၄၉

ဇယား(၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ ၄၉

ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ ၄၉

ဇယား(၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု ၅၀

ဇယား(၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ ၅၀

စကားချီး

၁။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ခု ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည် ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမ ဆုံးသော ကျေးရွာသူ၊ ကျေးရွာသားများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ယခုစီမံကိန်း ဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။

၂။ ကျွန်ုပ်တို့ကျေးရွာတွင် ယခင်အချိန်က လူထုကိုယ်တိုင် ပါဝင်ရေးဆွဲရသော စီမံကိန်း များအား ဆောင်ရွက်ဖူးခဲ့ခြင်းမရှိသော်လည်း ယခုအခါတွင် ကိုယ်ရပ်ကိုယ်ရွာလုပ်ငန်းများကို အစီ အစဉ်ချမှတ်ရေးဆွဲ၍ စနစ်တကျဆောင်ရွက်ရမည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို စတင် သိရှိနိုင်ပြီဖြစ်သည်။ ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းစတင်ရေးဆွဲရာ၌ မိမိတို့ကျေးရွာ၏သယံဇာတများ၊ ရာသီအလိုက်အခြေအနေများကို သိရှိ ရုံသာမက မိမိတို့ကျေးရွာ၏လိုအပ်ချက်များ ပြုပြင်ပြောင်းလဲ ရမည့်အခြေအနေများနှင့်ဖွံ့ဖြိုးတိုးတက်ရေး အတွက်ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများအား ကျေးရွာသူ/သားများအားလုံး တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြပြီး စီမံချက်တစ်ခုအား ရေးဆွဲနိုင်ပြီ ဖြစ်သည်။

၃။ ယခုရေးဆွဲထားသော စီမံချက်သည် (၅)နှစ်တာကာလအတွင်း မိမိတို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ဆောင်ရွက်ရသည့်စီမံချက်ဖြစ်သည့်အတွက် ကျေးရွာနေပြည်သူလူထုများ အား အကျိုးစီးပွားဖြစ် ထွန်းစေမည့် ကောင်းမွန်သောစီမံကိန်းတစ်ခုဖြစ်ပါသည်။

၄။ ချမှတ်ထားသော စီမံချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ လိုအပ်သည့် ကိန်း ဂဏန်း အချက်အလက်များ အသေးစိတ်သိရှိနိုင်ရန်အတွက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ဆက်လက် လမ်းညွှန် ပံ့ပိုးမှုများအားရရှိနိုင်မည်ဖြစ်ပါသည်။

၅။ ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းရှိပြီး အပိုင်း(က)ဖွံ့ဖြိုးရေးဗျူဟာနှင့် အကောင်အထည် ဖော်မည့် ဦးစားပေးအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြ ထားပါသည်။ အပိုင်း(ခ)စီမံကိန်းဆိုင်ရာ အချက်အလက်ဇယားများနှင့် အိမ်ထောင်စု တစ်ဦးချင်းစီ၏ အသေး စိတ်ဇယား(၆-ဇယား) ပူးတွဲပါဝင်ပါသည်။

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ လ ရက်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကင်းတော်ကျေးရွာ၊ ခန္ဓီးမြို့နယ်

၈

ကင်းတော်ကျေးရွာ ဥစ္စာဓန အဆင့် သတ်မှတ်ခြင်း

သတ်မှတ်စံနှုန်း

စဉ်	အကြောင်းအရာ	ချမ်းသာသော အိမ်ထောင်စု	အလယ်အလတ် အိမ်ထောင်စု	အဆင် မပြေသော အိမ်ထောင်စု	အလွန် အဆင် မပြေသော အိမ်ထောင်စု
၁	စိုက်ပျိုးမြေပိုင်ဆိုင်မှု	၁၀ဧကနှင့်အထက်	၅ဧကနှင့် ၁၀ ဧကကြား	၁ဧကနှင့် ၅ ဧကကြား	မြေယာမဲ့
၂	အဓိကစီးပွားရေး	ကုန်စုံဆိုင်၊စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယ်ယူ ပို့ဆောင်ရေးလုပ်ငန်း	အရောင်းအဝယ်၊ ကူးတို့လုပ်ငန်း	ခေါင်းရွက် ဗျက်ထိုး၊ နေ့စား	ကျပန်း၊ အလုပ် လက်မဲ့

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးဖြစ်သော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်မည့် အစီအစဉ် အသစ် ဖြစ်ကြောင်း သိရှိရပါသည်။

မိမိတို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် ပါဝင်ရေးဆွဲခဲ့ပါသည်။ စီမံချက်ပါ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကိန်းဂဏန်း အချက်အလက်များ ပြုစုရန် အရေးကြီးကြောင်းနှင့်လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ နည်းပညာများရရှိရန်လိုအပ်ကြောင်း သိရှိခဲ့ပါ သည်။

မိမိတို့၏ စီမံချက်များအား (၅)နှစ်တာကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ချက်များ အား ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ် ရေးအဖွဲ့အစည်း စသည်တို့၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် စီမံချက် အစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိနိုင်စေရန် ရည်ရွယ်ပါသည်။

၂။ ကျေးရွာ၏တည်နေရာ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု မြေမျက်နှာသွင်ပြင် အနေအထား

ကင်းတော်ကျေးရွာသည် ခန္ဓီးမြို့၏ အရှေ့ဘက် အရပ်တွင်ရှိပြီး ချင်းတွင်းမြစ်ဘေးတွင် တည်ရှိ ပါသည်။မိုးရာသီတွင် နှစ်စဉ်ရေကြီးနစ်မြုပ်ခြင်းခံရလေ့ရှိပြီး ကျေးရွာ၏အနောက်ဘက်တွင် ချင်းတွင်းမြစ်ရှိပြီး အရှေ့ဘက်တွင် သစ်တောများရှိပါသည်။

(က) သဘာဝအရင်းအမြစ်များ

သဘာဝသစ်တောထွက်ပစ္စည်းများရရှိနိုင်ပြီး ချင်းတွင်းမြစ်အတွင်းမှလဲ ငါးသယံဇာတများလဲ ဖမ်းယူရရှိနိုင်ပါသည်။

၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

ကင်းတော်ကျေးရွာတွင် အိမ်ထောင်စု စုစုပေါင်း (၁၉၄)စုရှိပြီး ကျား(၅၇၉)ဦး၊မ(၅၉၈)ဦး စုစုပေါင်း (၁၁၇၇)ဦး ရှိပါသည်။ အများစုမှာ ဗမာလူမျိုးများဖြစ်ပြီး ရှမ်းနှင့်နာဂလူမျိုးများလဲနေထိုင်လျက် ရှိပါသည်။

(ခ) စီးပွားရေး အခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းအဖြစ် ရေလုပ်ငန်းကိုလုပ်ဆောင်သူများပြားပြီး ရေလုပ်ငန်းမှ ဝင်ငွေ အသင့်အတင့်ရရှိပါသည်။ အဆင်ပြေသောအိမ်ထောင်စုနှင့် အလွန်အဆင်မပြေသောမိသားစု အနည်းငယ် သာရှိပြီး အလယ်အလတ်ရှိသောအိမ်ထောင်စုနှင့်မပြေလည်သောအိမ်ထောင်စု များပြားစွာ ရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

ကင်းတော်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် မြေယာလုံလောက်မှု မရှိသဖြင့် ရွှေမျှောလုပ်ငန်းများတွင် လုပ်သားအဖြစ်လည်းကောင်း၊ လက်သမား/ပန်းရံ နေ့စား လုပ်သားအဖြစ် လည်းကောင်း၊ကျပန်းလုပ်ငန်း လုပ်ကိုင်၍လည်းကောင်း ရှာဖွေလုပ်ကိုင်ရသဖြင့် မပြေလည်သော အိမ်ထောင် စုများရှိပါသည်။ ကျေးရွာတွင် မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စု၏ (၃၀%)အား လေ့လာဆန်းစစ်မှုအရ ၄င်းတို့သည် လုပ်အားခ ကြိုယူခြင်း၊ ချေးငှားခြင်းများဖြင့် နပ်မှန်အောင် စားသုံးနိုင်ရေး ဖြေရှင်းနေရကြောင်း တွေ့ရှိရပါသည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ

ကင်းတော်ကျေးရွာတွင် နေထိုင်သူအများစုသည် ကျန်းမာရေးကောင်းမွန်သူများဖြစ်ပြီး ကျန်းမာ ရေးဌာနမှ ကွင်းဆင်းကျန်းမာရေးစစ်ဆေးချက်များအား ပုံမှန်စစ်ဆေးခံယူနိုင်ကြပါသည်။ မိုးများသောကာလ များတွင် ဝမ်းရောဂါနှင့် အအေးပိုသောကာလများတွင် တုပ်ကွေးရောဂါများ အနည်းငယ်ဖြစ်တတ်သည်မှအပ ရောဂါကင်းရှင်းကြပြီး သန့်ရှင်းလတ်ဆတ်သော အသီးရွက်များကိုသာ စားသုံးလျှက်ရှိပါသည်။

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကင်းတော်ကျေးရွာတွင် အလယ်တန်း(ခွဲ)ကျောင်း တစ်ကျောင်းသာရှိပြီး မူလတန်းမှ အလယ်တန်း ထိသာ ၄င်းကျောင်း၌ တက်ရောက်ပညာသင်ယူကြပြီး အထက်တန်းရောက်ရှိပါက အ.ထ.က(ခန္ဓီး)သို့ သွားရောက်ပညာသင်ယူလျှက်ရှိပါသည်။ ကင်းတော်ကျေးရွာတွင် လက်ရှိပညာ သင်ကြားနေသူ ကျား(၁၅၄)ဦး နှင့် မ(၁၄၈)ဦး၊ စုစုပေါင်း (၃၀၂)ဦးရှိပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများသာမက အမျိုးသမီးများပါ တတ်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာတွင်း ကျားမဆိုင်ရာ ခွဲခြားဆက်ဆံမှု ကိစ္စများမရှိသည့်အပြင် ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေး၊ လူမှုရေးစသည့် ကိစ္စများ ဆောင်ရွက်ရာ တွင်လည်း အမျိုးသမီးများ ပါဝင်ဆောင်ရွက်လျှက်ရှိပါသည်။

၁၁

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကင်းတော်ကျေးရွာသည်ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်များတွင် ကျေးရွာအုပ်ချုပ် ရေးအဖွဲ့အစည်းသာမက သက်ဆိုင်ရာအဖွဲ့အစည်းများ ပါ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ကြပါသည်။

(ခ) သီးနှံ၊ သား၊ ငါး ထုတ်လုပ်ရေးကဏ္ဍ

ကင်းတော်ကျေးရွာတွင် လယ်ယာမြေစိုက်ပျိုးမြေဧက အနည်းငယ်သာရှိသဖြင့် သီးနှံထုတ်လုပ်မှု နည်းပါးသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများမရှိသည့်အတွက် အသားထုတ်လုပ်မှုမှာလည်း နည်းပါး လျှက်ရှိပါသည်။ သို့သော် ငါးလုပ်ငန်းလုပ်ကိုင်သူမှာ ကျေးရွာအိမ်ထောင်စုအများစုဖြစ်သည့်အတွက် ငါးပေါများစွာဖမ်းဆီးထုတ်လုပ်နိုင်ကာ ခန္ဓီးမြို့သို့တင်ပို့ရောင်းချ လျှက်ရှိပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကင်းတော်ကျေးရွာတွင် အခြားလုပ်ငန်းအဖြစ် အရောင်းအဝယ်လုပ်ငန်း၊ ကုန်စုံ၊ ကုန်ခြောက်ဆိုင် များ၊ ကုန်ထုတ်လုပ်ငန်းများ၊ ကူးတို့လုပ်ငန်းများ၊ ကျပန်းလုပ်ငန်းနှင့် လက်သမား/ပန်းရံလုပ်ငန်းများစသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်သူများလည်းရှိပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကင်းတော်ကျေးရွာအနီးတွင် သဲ၊ကျောက်စရစ်များလွယ်ကူစွာရရှိနိုင်သဖြင့် တည်ဆောက်ရေးလုပ်ငန်းများသို့ သယ်ယူရောင်းချခြင်းနှင့် ဝင်ငွေများရရှိပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာသူ/သားများသည် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်ချေးငွေ၊ သမဝါယမချေးငွေ၊ မြစိမ်း ရောင်စီမံကိန်းချေးငွေစသည့်တို့အားချေးယူကာ သက်ဆိုင်ရာဝင်ငွေရလုပ်ငန်းများအား လုပ်ကိုင်လျှက်ရှိပါ သည်။

(စ) ပညာရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကင်းတော်ကျေးရွာတွင် အလက(ခွဲ)ကျောင်း တစ်ကျောင်းရှိပြီး ကျောင်းဝန်းအတွင်း ကျောင်း ဆောင် (၃)ဆောင်ရှိပါသည်။ကျောင်းဝန်းဧရိယာကျဉ်းမြောင်းသဖြင့် ကျောင်းဆောင်သစ်ထပ်မံတိုးချဲ့ တည်ဆောက်ပါက မြေနေရာခက်ခဲလျှက်ရှိပါသည်။ ကျေးရွာတွင် ကျန်းမာရေး ဌာနမရှိသည့်အတွက် ကျန်းမာ ရေးချို့ယွင်းလာပါက ခန္ဓီးမြို့၊ ပြည်သူ့ဆေးရုံသို့သာ သွားရောက် ဆေးကုသမှုခံယူရပါသည်။ အိမ်တိုင်းနီးပါး ယင်လုံအိမ်သာများသုံးစွဲကြသည့်အပြင် ယင်လုံအိမ်သာမရှိသည့်အိမ်ထောင်စုများမှာလည်း နီးစပ်ရာပတ်ဝန်း ကျင်အိမ်များရှိ ယင်လုံအိမ်သာများကိုသာတွဲဖက်အသုံးပြုကျသဖြင့် ယင်ကြောင့် ဖြစ်ပွားတတ်သော ရောဂါ ဖြစ်ပွားမှုနည်းပါးပါသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူရန် သီးသန့်နေရာမရှိသော်လည်း လူငယ်များမှာ ကျယ် ဝန်းသောနေရာများ၌ ဘောလုံးကစားခြင်း၊ ခြင်းလုံးကစားခြင်း စသည့်အားကစားများ ကစားလေ့ရှိပါသည်။ သို့ပါမက လူမှုရေး၊ သာရေး၊ နာရေးများတွင်လည်း လူငယ်များမှ တတ်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ကြပါ သည်။

(ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

ကင်းတော်ကျေးရွာတွင် ယခင်ကအထက် ပိုမိုခိုင်မာသော အဆောက်အဦးများတည်ဆောက် လာ နိုင်သော်လည်း မဟာဓါတ်အားလိုင်းနှင့် အလွန်ဝေးကွာနေသည့်အတွက်ဒီဇယ်အင်ဂျင်၊ ျှိလာ စနစ်စသည်တို့ကိုသာ သုံးစွဲနေရသည့်အတွက် ဖွံ့ဖြိုးမှုအနည်းငယ်နောက်ကျလျှက်ရှိပါသည်။ ကျေးရွာတွင် အိမ်တိုင်းနီးပါး ဖုန်းကိုင်ဆောင်နိုင်ကြသဖြင့် သတင်းအချက်အလက်များ လွယ်ကူစွာ ဆက်သွယ်ရယူနိုင်လျှက်ရှိပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကင်းတော်ကျေးရွာသည် ခန္ဓီးမြို့နှင့်အနီးစပ်ဆုံးကျေးရွာဖြစ်သည့်အတွက် ရဲစခန်းနှင့် အလွယ်တကူချိတ်ဆက်နိုင်မှုလက်လှမ်းမီသည့်အပြင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ စီမံ အုပ်ချုပ်မှုကြောင့် ခိုးမှု၊ လူကုန်ကူးခံရမှု၊ အကြမ်းဖက်မှုများ ကင်းရှင်းလျှက်ရှိပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကင်းတော်ကျေးရွာသည် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လိုပါက ကျေးရွာလူထု၏ လုပ်သား အင်အားရှိခြင်း၊ တည်ဆောက်ရေးပစ္စည်းများဝယ်ယူရန်လက်လှမ်းမီမှုရှိခြင်း၊ ကျွမ်းကျင် ပညာရှင် များအား ဖိတ် ခေါ်ကာ အကြံပြုချက်များရယူနိုင်ခြင်း၊ တယ်လီဖုန်း ဆက်သွယ်နိုင်သော ဧရိယာအတွင်းတည်ရှိသည့်အတွက် သတင်းအချက်အလက်များလွယ်ကူစွာရယူဆောင်ရွက် နိုင်ခြင်းများ ရှိပါသည်။

(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကင်းတော်ကျေးရွာသည် နှစ်စဉ်ရေကြီးရေလျှံမှုဖြစ်ခြင်းကြောင့် စိုက်ပျိုးဧရိယာများ ရေလွှမ်းမိုးခံရ သဖြင့်စိုက်ပျိုးသီးနှံများပျက်စီးလျှက်ရှိပါသည်။ မြေလွတ်မြေရိုင်းများအား လယ်ယာမြေ ဖော်ထုတ်နိုင်ရန် စက်ယန္တရားများ လိုအပ်မှုရှိသော်လည်း သက်ဆိုင်ရာဌာနများသို့ တင်ပြအကူအညီ တောင်းခံ ဆောင်ရွက်ပါက အောင်မြင်နိုင်မည်ဖြစ်ပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်

အတွက် ကျေးရွာရန်ပုံငွေနည်းပါးသော် လည်း ရန်ပုံငွေရရှိနိုင်ရေးဆိုင်ရာနည်းလမ်းများအား သက်ဆိုင်ရာဌာနများသို့တင်ပြအစီရင်ခံဆောင်ရွက်နိုင် မည်ဖြစ်သည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တိုင်ပင်ညှိနှိုင်းကာ လာမည့်(၅)နှစ်တာ ကာလအ တွင်း မိမိတို့ကျေးရွာ၏ ဖွံ့ဖြိုးရေးပန်းတိုင်များအား အောက်ပါအတိုင်းချမှတ်ထားပါသည် -

(၁) ကျေးရွာအတွင်း လမ်းပန်းဆက်သွယ်ရေး၊ ရေရှိရေး၊ မီးလင်းရေးများကို ပိုမိုပြည့်စုံစွာ ဆောင်ရွက်ခြင်းဖြင့် ကျေးရွာနေပြည်သူများအား ပိုမိုကောင်းမွန်သော လူနေမှု အဆင့်သို့ တိုးတက်လာနိုင်စေမည်။

(၂) ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ပြီး ကျေးလက်ကျန်းမာရေးဝန်ထမ်းများဖြင့် ကျန်းမာ ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခြင်းဖြင့် ရောဂါဖြစ်ပွားမှု နှုန်း လျော့ကျ လာစေမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များသို့ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင် ရွက်သွားမည် -

(၁) ကျေးရွာအတွင်း လမ်းပန်းဆက်သွယ်ရေး၊ ရေရှိရေး၊ မီးလင်းရေးများကို ပိုမိုပြည့်စုံ လာစေရေးအတွက် ကျေးရွာရန်ပုံငွေများ ပိုမိုရှာဖွေစုဆောင်းခြင်း၊ ရရှိလာသော ရန်ပုံငွေများ ဖြင့် အထက်ပါလုပ်ငန်းများဆောင်ရွက်ရာ၌ ကျွမ်းကျင်ပညာရှင်များနှင့် သက်ဆိုင်ရာဌာန ဆိုင်ရာများ၏ အကြံပြုချက်များရယူကာ မိမိတို့ကျေးရွာလူထု အင်အား၊ အတတ်ပညာအား များဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်။

(၂) ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဝန်ထမ်းရရှိရေး ကျန်းမာရေး ဦးစီး ဌာနသို့ အစီရင်ခံတင်ပြတောင်းခံသွားမည်ဖြစ်ပြီး လိုအပ်သည့် ငွေကြေး အင်အား၊ လူထု လုပ်အား၊ ပစ္စည်းအင်အားများကို ကျေးရွာမှ အတတ်နိုင်ဆုံး ပူးပေါင်းကူညီဆောင်ရွက်သွားမည်။

၁၉

ကင်းတော်ကျေးရွာအိမ်ထောင်စု ဓနအဆင့်သတ်မှတ်ခြင်း

စဉ်	အိမ်ထောင်ဦးစီး	အ ဆင့်
၁	ဦးမင်းသိန်းထွန်း	B
၂	ဦးသိန်းလွင်(၁)	B
၃	ဦးခါးနူး	A
၄	ဦးမာဂေါင်း	B
၅	ဦးမောင်ဖဲ	C
၆	ဦးတင်နန်းလင်း	C
၇	ဦးခင်မောင်လွင်	B
၈	ဒေါ်အေးချို	D
၉	ဦးခင်ဝေ	B
၁၀	ဦးဝင်းအောင်	B
၁၁	ဦးမင်းထက်ခန့်	B
၁၂	ဦးသန်းလှိုင်	C
၁၃	ဦးသန်းထွေး	C
၁၄	ဒေါ်ကြင်ဇွေ	C
၁၅	ဦးလှိုင်ဆန်းဦး	B
၁၆	ဦးစိုးတင့်	B
၁၇	ဦးဆိုင်းတူး	C
၁၈	ဦးဌေးမြင့်	C
၁၉	ဒေါ်ခင်ညို	C
၂၀	ဒေါ်အေးခင်	C

စဉ်	အိမ်ထောင်ဦးစီး	အဆင့်
၂၁	ဦးမောင်ကြူး	B
၂၆	ဦးပွဲစား	B
၂၇	ဦးရာကျော်	B
၂၈	ဦးဇော်တင်	B
၂၉	ဦးခင်မောင်နိုင်	B
၄၀	ဦးမောင်ဆိုင်	C
၄၁	ဦးဆင်ပေါက်	B
၄၂	ဦးဘီအေ	B
၄၃	ဦးသောင်းမြင့်	B
၄၄	ဦးကိုကိုလေး	B
၄၅	ဒေါ်မေမြင့်	C
၄၆	ဦးဌေးလွင်	B
၄၇	ဦးဇော်လင်း	B
၄၈	ဦးဝင်းနိုင်	B
၄၉	ဒေါ်မျိုးခင်	C
၅၀	ဒေါ်ခင်မာဌေး	C
၅၁	ဒေါ်လှသန်း	C
၅၂	ဦးဝင်းအောင်	C
၅၃	ဦးကျော်နိုင်	B
၅၄	ဦးသိန်း	B

၂၁	ဦးမောင်အေး	B
၂၂	ဒေါ်ဇင်	C
၂၃	ဦးမောင်ချို	C
၂၄	ဒေါ်အေးအေးမြင့်	C
၂၅	ဦးသိန်းလွင်(၂)	B
၂၆	ဦးဌေးမောင်	A
၂၇	ဦးလှမင်းထွေး	C
၂၈	ဒေါ်ညိုညိုဝင်း	C
၂၉	ဦးစိန်မာဒင်	C
၃၀	ဦးကျော်ဟိန်း	B
၃၁	ဦးစံမောင်	B
၃၂	ဦးအောင်ဇော်လတ်	C
၃၃	ဦးဝင်းနိုင်ဦး	C
၃၄	ဒေါ်သန်းရင်	C
၃၅	ဦးသက်နိုင်ဦး	B
၃၆	ဦးညီညီမင်း	C
၃၇	ဦးအောင်မျိုး	C
၃၈	ဒေါ်သန်းသန်းအေး	D
၃၉	ဒေါ်အေးခိုင်	D
၄၀	ဦးမြင့်နိုင်	B
၄၁	ဒေါ်ညိုစိန်	C
၄၂	ဦးဌေးလှိုင်	A
၄၃	ဒေါ်ခင်ဝင်း	C
၄၄	ဒေါ်အမာကြူ	C
၄၅	ဒေါ်မြသောင်း	C
၄၆	ဒေါ်သိန်းမြ	C
၄၇	ဦးလွမ်းမိုးကျော်	C
၄၈	ဦးစိုးထွန်းအောင်	C

ကင်းတော်ကျေးရွာအိမ်ထောင်စု မနအဆင့်သတ်မှတ်ခြင်း

စဉ်	အိမ်ထောင်ဦးစီး	အဆင့်
၄၉	ဦးကံဝင်း	C
၅၀	ဦးရောင်လီ	B
၅၁	ဦးဝင်းသိန်း	A
၅၂	ဦးစိန်မာဒင်	B
၅၃	ဦးမြင့်ကျော်	C
၁၀၃	ဦးမျိုးဆွေ	B
၁၀၄	ဦးနောင်ဆိုင်း	A
၁၀၅	ဒေါ်ပိုတင်	D
၁၀၆	ဦးချစ်ဆွေ	B
၁၀၇	ဦးထွန်းအောင်ကြည်	C

၇၄	ဒေါ်အေးမူ	C
၇၅	ဦးမျိုးမင်းသန့်	B
၇၆	ဒေါ်စန်းအေး	C
၇၇	ဦးဝင်းနိုင်	B
၇၈	ဦးအောင်နိုင်ဦး	B
၇၉	ဒေါ်လှလှတင်	C
၈၀	ဦးသာထူး	C
၈၁	ဦးစောရန်နိုင်	B
၈၂	ဦးအောင်ဌေး	B
၈၃	ဒေါ်ထွေး	B
၈၄	ဦးအောင်ကိုလင်း	C
၈၅	ဦးစန်းဝင်းအောင်	C
၈၆	ဦးဇော်ဝင်း	B
၈၇	ဦးသိန်းနိုင်ဆွေ	B
၈၈	ဦးမောင်ရှင်	C
၈၉	ဦးကျော်ဝင်း	C
၉၀	ဦးရန်ရှင်းအောင်	B
၉၁	ဦးမြဲ	B
၉၂	ဒေါ်အုန်း	C
၉၃	ဦးသက်နိုင်ဦး	B
၉၄	ဦးသောင်းလွင်ဦး	C
၉၅	ဦးပြည့်ဖြိုးနိုင်	C
၉၆	ဦးညိုလုံး	D

၁၀၈	ဦးဆန်းဝင်း	B
၁၀၉	ဦးမောင်ပူ	C
၁၁၀	ဦးအောင်နေလင်း	B
၁၁၁	ဦးထွန်းလင်း	C
၁၁၂	ဦးဝင်းဇော်	B
၁၁၃	ဦးအောင်ကြီး	B
၁၁၄	ဦးဇော်ဇော်ဦး	B
၁၁၅	ဒေါ်မေသန်း	C
၁၁၆	ဦးစန်းဦး	C
၁၁၇	ဦးဇော်မျိုးခိုင်	B
၁၁၈	ဦးထွန်းထွန်းနိုင်	C
၁၁၉	ဦးမောင်ကြည်	C
၁၂၀	ဒေါ်ကြည်ကြည်စိုး	D
၁၂၁	ဦးခင်မောင်ဝင်း	C
၁၂၂	ဦးအောင်ဌေး	C
၁၂၃	ဦးမာ	D
၁၂၄	ဦးဇော်မင်းနိုင်	C
၁၂၅	ဦးမျိုးဆောင်	D
၁၂၆	ဦးမျိုးအောင်	D
၁၂၇	ဦးဌေးမင်း	D
၁၂၈	ဦးဖိုးတုတ်	D
၁၂၉	ဦးမာဒင်	D
၁၃၀	ဒေါ်တင်လှ	C

၉၇	ဦးစိန်သန်းဝင်း	D
၉၈	ဒေါ်ခင်မာစန်း	C
၉၉	ဦးအောင်ကျော်မျိုး	B
၁၀၀	ဦးမျိုးဇော်ဝင်း	B
၁၀၁	ဦးထွန်း	C
၁၀၂	ဦးကြည်မောင်	B
၁၂၁	ဦးဆန်းလွန်	C
၁၂၂	ဒေါ်တင်လှ	D
၁၂၃	ဦးအေးဇော်	D
၁၂၄	ဦးမောင်သန်း	C
၁၂၅	ဦးအောင်ထွန်း	D
၁၂၆	ဦးဖိုးဇော်	A

ကင်းတော်ကျေးရွာအိမ်ထောင်စု မနအဆင့်သတ်မှတ်ခြင်း

စဉ်	အိမ်ထောင်ဦးစီး	အဆင့်
၁၃၇	ဦးအောင်ကိုစိန်	C
၁၃၈	ဒေါ်မာမာအေး	C
၁၃၉	ဦးမြင့်ဝေ	C
၁၄၀	ဦးသန်းထွန်း	B
၁၄၁	ဦးမောင်ညွန့်	B
၁၄၂	ဒေါ်မြင့်မြင့်သန်း	B
၁၄၃	ဦးထွန်းအောင်	B
၁၄၄	ဒေါ်စန်းဥ	C
၁၄၅	ဒေါ်မြင့်စန်း	C
၁၄၆	ဦးအောင်နိုင်	B
၁၄၇	ဒေါ်ခင်ဝင်း	C
၁၄၈	ဦးမျိုးဝင်း	B
၁၄၉	မအိအိသိမ့်	C
၁၅၁	ဦးထွန်းရွှေ	C
၁၅၂	ဒေါ်စိန်ဥ	B
၁၅၃	ဒေါ်သန်းလှိုင်	C
၁၅၄	ဦးသန်းစိန်အောင်	B
၁၅၅	ဒေါ်နန်းအုပ်	C
၁၅၆	ဦးတင်လေးရွှေ	A
၁၅၇	ဦးအောင်သန်း	B
၁၅၈	ဒေါ်လှကြည်	C
၁၅၉	ဦးလှအောင်	B
၁၆၀	ဦးသိန်းဇော်	D
၁၆၁	ဒေါ်ကြူကြူလွင်	D
၁၆၂	ဦးဝင်းမြင့်	B
၁၆၃	ဦးတင်ဖေ	B

၁၅၀	ဦးလှမြိုင်	B
၁၅၁	ဦးမြင့်သိန်း	C
၁၅၂	ဦးအုန်းရင်	C
၁၅၃	ဒေါ်ကြည်မြင့်	A
၁၅၄	ဦးချမ်းမြေ့အောင်	B
၁၅၅	ဦးဖိုးထောင်	C
၁၅၆	ဒေါ်သန်းညွှန့်	D
၁၅၇	ဒေါ်အေးမြ	C
၁၅၈	ဦးဝင်းဆွေ	A
၁၅၉	ဦးကြည်လင်	B
၁၆၀	ဒေါ်မြစန်း	A
၁၆၁	ဦးသန်းဝင်း	B
၁၆၂	ဦးနိုင်ဝင်း	C
၁၆၃	ဦးကိုဦး	B
၁၆၄	ဒေါ်အေးရင်	C
၁၆၅	ဦးစိုးနိုင်	C
၁၆၆	ဒေါ်စန်းခင်	C
၁၆၇	ဒေါ်မိချိုစန်း	C
၁၆၈	ဒေါ်အေးတင်	C
၁၆၉	ဦးဝင်းဆွေ	B
၁၇၀	ဒေါ်စန်းအေး	A
၁၈၄	ဦးစိုးဝင်း	A
၁၈၅	ဒေါ်ဌေးလင်း	C
၁၈၆	ဦးမောင်မျိုး	C
၁၈၇	ဦးနိုင်ဦး	C
၁၈၈	ဦးသန်းလွင်	C
၁၈၉	ဦးစိုးမြင့်	B
၁၉၀	ဦးသန်းစိုးဝင်း	D
၁၉၁	ဦးနိုင်နိုင်အောင်	C
၁၉၂	ဦးထွန်းဝေ	B
၁၉၃	ဒေါ်ငွေယော	B
၁၉၄	ဦးချစ်သဲ	C

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၆	၁၉	၃၅
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၄၂	၄၅	၈၇
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၆၈	၆၃	၁၃၁
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၆၉	၆၁	၁၃၀
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၇၃	၃၈၀	၇၅၃
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၁	၃၀	၄၁
စုစုပေါင်း		**၅၇၉**	**၅၉၈**	**၁၁၇၇**
စုစုပေါင်း အိမ်ထောင်စု		**၁၉၄**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကင်းတော်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၉၄)စုရှိပြီး၊ ကျား (၅၇၉)၊ မ (၅၉၈)ဦးရှိသည့်အတွက် ကျား/မ လူဦးရေအချိုးမျှတလျက်ရှိကြောင်းတွေ့ရှိရပါသည်။ နို့စို့အရွယ် ကလေးငယ်နှင့် သက်ကြီးရွယ်အို လူဦးရေမှာ ကျေးရွာလူဦးရေ၏ (၆.၄၆%) ယောက်သာရှိပြီး တစ် အိမ်ထောင်စုလျှင် ပျမ်းမျှလူဦးရေ (၆.၀၇%) ယောက်နှုန်းရှိကြောင်းတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၇	၈၆	၅	နိမ့်
	အလုပ်သမား / ဝန်ထမ်း				
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၆	၁	နိမ့်
	အလုပ်သမား / ဝန်ထမ်း				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၆၈	၁၆၆	၁၃	လတ်
	အလုပ်သမား / ဝန်ထမ်း				
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ဝန်ထမ်း				
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ဝန်ထမ်း				
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၄	၁၁		နိမ့်
	အလုပ်သမား / ဝန်ထမ်း				
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ဝန်ထမ်း				
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၄	၉		လတ်
	အလုပ်သမား / ဝန်ထမ်း	၇	၈	၂	နိမ့်
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ဝန်ထမ်း				
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁		လတ်
	အလုပ်သမား / ဝန်ထမ်း	၂	၂		နိမ့်
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅၄	၉၈	၁၄	လတ်
	အလုပ်သမား / ဝန်ထမ်း				
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄	၈		လတ်
	အလုပ်သမား / ဝန်ထမ်း	၃	၃	၃	နိမ့်
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ဝန်ထမ်း	၁	၁		နိမ့်
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ဝန်ထမ်း				
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ဝန်ထမ်း				
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ဝန်ထမ်း	၂	၃	၇	နိမ့်
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ဝန်ထမ်း			၂	နိမ့်
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ဝန်ထမ်း				
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၄		☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၈	၁၇		
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ဝန်ထမ်း				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကင်းတော်ကျေးရွာသည် ရေလုပ်ငန်း(ငါးဖမ်းခြင်း)ကိုသာ အဓိက လုပ်ဆောင်သောကျေးရွာဖြစ်ပြီး တောင်သူလုပ်ကိုင်သူ (၉၅)ဦး၊ မွေးမြူရေးလုပ်ကိုင်သူ (၇)ဦး၊ အရောင်းအဝယ်လုပ်ကိုင်သူ (၁၁၂)ဦး၊ ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ (၁၄)ဦး၊ လက်သမား/ပန်းရံ လုပ်ကိုင်သူ (၁၉)ဦး၊ ထုတ်ကုန်လုပ်ငန်းလုပ်ကိုင်သူ(၁၁)ဦး၊ ကျွမ်းကျင်ပညာရှင်(၁)ဦး၊ ဘဏ်ဝန် ထမ်း(၁)ဦး၊ ကျန်းမာရေးဝန်ထမ်း(၂)ဦးနှင့် ပညာရေးဝန်ထမ်း(၁၀)ဦးရှိကြောင်းတွေ့ရှိရပါသည်။

(ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၅၀၀၀	၅၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၅၀၀၀	၇၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း	နေ့စား				

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	များ ပြင်ဆင်ရေး					
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကင်းတော်ကျေးရွာသည် ရေလုပ်ငန်းလုပ်ကိုင်သူများပြားကြောင်း တွေ့ရှိရပြီး နေ့စားလုပ်သား ငှားရမ်းရသောလုပ်ငန်းများမှာ လယ်၊ယာစိုက်ပျိုးရေးနှင့် လက်သမား/ ပန်းရံလုပ်ငန်းများသာ ရှိကြောင်းတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ–၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
လယ်မြေ	၄၃.၄၄	ကောင်း
ယာမြေ / တောင်ယာမြေ	၁၉	သင့်
ဥယျာဉ်ခြံမြေ	၂၀	သင့်
ကိုင်း/ကျွန်းမြေ	၃.၆၇	ကောင်း
ခနိတောမြေ	–	–
စားကျက်မြေ	၁	သင့်
မြေလွတ် မြေလပ်	၁၆.၅	သင့်
စုစုပေါင်း	၁၀၃.၆၁	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကင်းတော်ကျေးရွာသည် အဓိက စပါးနှင့်မြေပဲကိုသာ စိုက်ပျိုးကြပြီး အထွက်နှုန်းမှာ အသင့်အတင့်သာရှိကြောင်းတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	မရှိ	-
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ	လွယ်
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	သင့်	ခက်
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	မရှိ	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအနီးတွင် သဲ၊ကျောက်စရစ်များမှာ လွယ်ကူစွာသယ်ယူရရှိ နိုင်ပြီး တွင်းထွက်သယံဇာတများမရှိကြောင်းနှင့် သဘာဝအပင်မျိုးစိတ်များမှာ ရှာပတ်ဝန်းကျင်၌ အနည်းငယ်သာရှိကြောင်းတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၂	၇၄	၈၈	၂၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကင်းတော်ကျေးရွာတွင် လယ်၊ယာမြေရှားပါးသဖြင့် လယ်၊ယာလုပ်ငန်း လုပ်ကိုင်သူ နည်းပါးပြီး မြေယာပိုင်ဆိုင်မှုအနည်းငယ်သာရှိကြောင်းတွေ့ရှိရပါသည်။ ရေလုပ်ငန်း ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ များပြားစွာရှိကြောင်းတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	-	-
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	-	-
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၃၀	လုပ်အားခကြိုယူ

ရင်းမြစ်..ဥစ္စာခေနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကင်းတော်ကျေးရွာတွင် (၃)လအောက်နှင့် (၃)လနှင့်(၆)လကြား တစ်နေ့ လျင် (၂)နပ်စားသော အိမ်ထောင်စုမရှိပါ။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	၁	၁
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို အမျိုးသမီး (၁)ဦးသာ ရှိကြောင်းတွေ့ရှိရပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	နိမ့်
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	နိမ့်
၃	ရေကြီးခြင်း	နိမ့်
၄	မိုးခေါင်ခြင်း	မရှိ
၅	အအေးလွန်ကဲခြင်း	မရှိ
၆	မုန်တိုင်း	မရှိ
၇	ငလျင်	မရှိ
၈	မီးဘေး	မရှိ
၉	ဆားငန်ရေဝင်မြေ	မရှိ
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	နိမ့်
၁၁	သစ်တောပြုန်းတီးခြင်း	လတ်
၁၂	၄င်္ဂဖျားရောဂါ	မရှိ
၁၃	တီဘီရောဂါ	နိမ့်
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိ
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	လတ်
၁၇	လူကုန်ကူးခြင်း	မရှိ
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မရှိ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကင်းတော်ကျေးရွာသည် ခန္ဓီးမြို့နှင့် ချင်းတွင်းမြစ်သာခြားထားပြီး နှစ်စဉ် ရေကြီးရေလွှမ်းမိုးခံရသော ကျေးရွာဖြစ်ပါသည်။ ရေကြီးခြင်းကြောင့် ထိခိုက်မှုမရှိသော်လည်း တိရိစ္ဆာန်ကူးဆက်ရောဂါကျရောက်မှုမှာ အသင့်အတင့်ရှိကြောင်းတွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	လတ်
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	လတ်
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	နိမ့်
၅	မြစ်ကမ်းဘေး နေထိုင်သူများ	လတ်
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	နိမ့်
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မရှိ
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	လတ်
၉	ငါးကန်ပိုင်ရှင်များ	မရှိ
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	နိမ့်
၁၁	လူနည်းစုလူမျိုးများ	မရှိ
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မရှိ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မရှိ
၁၄	ရွှေတွင်းလုပ်သားများ	လတ်
၁၅	ဆေးစွဲသူများ	နိမ့်
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မရှိ
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မရှိ
၁၈	နေရပ်ပြန် အခြေချသူများ	နိမ့်
၁၉	ရွှေ့ပြောင်းလုပ်သားများ	နိမ့်
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မရှိ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု အနည်းငယ်သာရှိပြီး ကျေးရွာတစ်ရွာလုံးသည် မြေနိမ့်ပိုင်းတွင်တည်ရှိလျက်ရှိပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	မီးသတ်	၂	၁၀	-	၁၀	လုံခြုံရေးနှင့် ကာကွယ်ရေး	သင့်

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၂	မြစိမ်းရောင်	၁	၅	၂	၇	ငွေကြေး	ကောင်း
၃	အမျိုးသမီးရေးရာ	၂	-	၁၅	၁၅	သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး	သင့်
၄	လူမှုကူညီရေး	၂	၃၀	၂၀	၅၀	သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး	ကောင်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ကင်းတော်ကျေးရွာတွင် မီးသတ်တပ်ဖွဲ့၊ မြစိမ်းရောင်စိမံကိန်းအသင်းအဖွဲ့ အမျိုးသမီးရေးရာ၊ လူမှုကူညီရေးအဖွဲ့များဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်းတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	-	-	-
၂	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ - ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်)**

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ -** Care International, Save the

Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ။ ပြင်ပအဖွဲ့အစည်းများမရှိကြောင်းတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၆၇	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၁	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁၀	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၆	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၉၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးမြေဖော်ထုတ်ရန် မြေလွတ်၊မြေရိုင်းနည်းပါးသည့်အပြင် မြေယာဖော်ထုတ်ထားမှု အနည်းငယ်သာရှိသဖြင့် မြေယာမဲ့ဦးရေ များပြားလျက်ရှိကြောင်းတွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		-	-
၂	ရေလွှဲဆည်		-	-
၃	မြစ်ရေတင်စီမံကိန်း		-	-
၄	ရေသွင်းမြောင်း		-	-
၅	အဝိစိတွင်း		-	-
၆	လက်ဝင်၊ရေတွင်း		-	-
၇	စိမ့်စမ်းရေ		-	-
၈	ချောင်းရေ		-	-

